ISP-MYANMAR
www.ISPMyanmar.com

EXPLAINERS
အခြေပြုရှင်းလင်းချက်များကဏ္ဍ

14 September, 2021

သိသင့်သမျှအကြောင်းခြင်းရာ

# ကုလသမဂ္ဂ စင်မြင့်ထက်၌ မြန်မာ့ကိုယ်စားပြုခွင့်ရရေး အားပြိုင်မှု

ဒီကနေ့မှာစတင်မယ့် ၇၆ ကြိမ်မြောက် ကုလသမဂ္ဂ အထွေထွေ ညီလာခံမှာ အမျိုးသား ညီညွတ်ရေးအစိုးရ(NUG) နဲ့ အာဏာသိမ်း စစ်ကောင်စီတို့အကြား နိုင်ငံကိုယ်စားပြုခွင့် ရရှိရေးအတွက် ကြိုးပမ်းမှုတွေကို သိသင့်သမျှ အကြောင်းချင်းရာ (Backgrounder) အဖြစ် ISP-Myanmar က ဖော်ပြလိုက်ပါတယ်။

**ရေးသားသူများ**
နန်းလွင်၊ သန့်အောင်ပိုင်၊ လင်းထက်အောင်



၂၀၂၁ ခုနှစ် မတ် ၇ ရက်က ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့ရှိ ကုလသမဂ္ဂရုံးရှေ့တွင် မြန်မာရွှေ့ပြောင်းလုပ်သားများ ဆန္ဒထုတ်ဖော်နေစဉ်။
Photo-Mladen ANTONOV/AFP

၂၀၂၁ ခုနှစ် စက်တင်ဘာ ၁၄ ရက်တွင် တည်းဖြတ်ခဲ့သည့်ဆောင်းပါးကို စက်တင်ဘာ ၁၅ ရက် နံနက် ၁၀ နာရီ (မြန်မာစံချိန်တော်ချိန်) တွင် အချက်အလက်အသစ်များ ဖြည့်စွက်ခဲ့ပါသည်။

| | |
|---|---|
| အကျဉ်းချုပ်ဆွေးနွေးချက် | စာ-၁ |
| နိဒါန်း | စာ-၂ |
| ဘယ်လိုအငြင်းပွားမှုမျိုး ဖြစ်နေလဲ | စာ-၅ |
| အငြင်းပွားမှုများကို ဖြေရှင်းခြင်း၊ ဆုံးဖြတ်ခြင်း | စာ-၇ |
| ကိုယ်စားပြုခွင့် အငြင်းပွားမှု သမိုင်းဖြစ်စဉ်များနှင့် မြန်မာ | စာ-၉ |
| မြန်မာ့အရေးဟာ ဘာကြောင့် ခက်ခဲတဲ့ ဆုံးဖြတ်ချက်တခု ဖြစ်တာလဲ | စာ-၁၁ |
| အင်အားကြီးနိုင်ငံများနှင့် အာဆီယံ၏ အခန်းကဏ္ဍ | စာ-၁၂ |
| အငြင်းပွားမှုဖြေရှင်းခြင်း ဖြစ်တန်ခြေများ | စာ-၁၄ |
| သတိပြုစရာ ရိုက်ခတ်မှုများနှင့် စဉ်းစားစရာ အကျိုးဆက်များ | စာ-၁၅ |

## အကျဉ်းချုပ်ဆွေးနွေးချက်

- ကုလသမဂ္ဂ လုံခြုံရေးကောင်စီ၊ အထွေထွေညီလာခံနဲ့ လူ့အခွင့်အရေးကောင်စီတို့ရဲ့ အစည်းအဝေး အစီအစဉ်တွေမှာ မြန်မာ့အရေးကိစ္စဟာ ၁၉၉၃ ခုနှစ်နောက်ပိုင်းမှာ စတင်ပါဝင်လာခဲ့ပါတယ်။ လုံခြုံရေးကောင်စီ အစည်းအဝေးမှာဆိုရင် မြန်မာ့အရေးဟာ ၂၀၀၅ ခုနှစ်ကစလို့ ဆက်တိုက်ပါဝင်နေခဲ့ပြီး ဥက္ကဋ္ဌရဲ့ သဘောထားထုတ်ပြန်ချက် သုံးခုကိုလည်း ၂၀၀၇၊ ၂၀၀၈ နဲ့ ၂၀၁၇ ခုနှစ်တွေမှာ ထုတ်ပြန်ခဲ့ပါတယ်။ စစ်အာဏာသိမ်းပြီးနောက်မှာ လုံခြုံရေးကောင်စီက မြန်မာ့အရေးနဲ့ပတ်သက်ပြီး အထူးကိုယ်စားလှယ်နဲ့ တံခါးပိတ်ဆွေးနွေးမှုအပါအဝင် စုစုပေါင်းကိုးကြိမ်ထက်မနည်း ပြုလုပ်ခဲ့ပါတယ်။ သတင်းထုတ်ပြန်ချက်သုံးခုနဲ့ဥက္ကဋ္ဌသဘောထားထုတ်ပြန်ချက်တခုလည်းထွက်ရှိထားပါတယ်။

- ကုလသမဂ္ဂစင်မြင့်ထက်မှာ မြန်မာ့ကိုယ်စားပြုခွင့်ရရေး စစ်ကောင်စီနဲ့ အမျိုးသားညီညွတ်ရေး အစိုးရ (NUG) တို့ ပြိုင်ဆိုင်ကြမယ့် သံတမန်တိုက်ပွဲဟာ အမြင့်ဆုံး သံခင်းတမန်ခင်းတိုက်ပွဲတခု ဖြစ်ပါတယ်။ စစ်ကောင်စီအတွက် နိုင်ငံတကာ အသိအမှတ်ပြုမှုရရှိရေးဟာ အာဏာ ဆက်လက်ကိုင်ထားရေး တရားဝင်ဖြစ်မှုအတွက် အရေးပါသလို၊ နိုင်ငံတကာ အသိအမှတ်ပြုရေး ကြိုးပမ်းနေတဲ့ NUG အတွက်လည်း အဓိကကျပြီး လူသားချင်းစာနာမှု အကူအညီပေးရေးအတွက်ပါ အထောက်အကူပြုမှာ ဖြစ်ပါတယ်။

- ကုလသမဂ္ဂအနေနဲ့ NUG ဘက်ကို အသိအမှတ်ပြုပေးလိုက်မယ်ဆိုရင် ကုလသမဂ္ဂနဲ့ပတ်သက်တဲ့ မြန်မာနိုင်ငံရဲ့လုပ်ငန်းစဉ်တွေမှာ NUG က တစိတ်တပိုင်း ပါဝင်ခွင့်ရလာမှာဖြစ်ပါတယ်။ စစ်ကောင်စီရဲ့ရပ်တည်ချက်ကို ကုလသမဂ္ဂမှာ တရားဝင် အသိအမှတ်ပြုနိုင်ခြေ နည်းပါတယ်။ ဒါပေမဲ့ အသိအမှတ်ပြုခဲ့မယ်ဆိုရင် မြန်မာလူထုရဲ့ပြင်းထန်အားကောင်းလှတဲ့ သဘောထားကို မျက်ကွယ်ပြုရာ ရောက်တဲ့အတွက် ကုလသမဂ္ဂကို အပြင်းအထန် ဆန့်ကျင်ကန့်ကွက်တဲ့ အခြေအနေတွေ ဖြစ်လာနိုင်ပါတယ်။ ဖြစ်တန်ခြေတွေထဲမှာ အခုလက်ရှိ မြန်မာကိုယ်စားလှယ် ဦးကျော်မိုးထွန်းကိုပဲ ဆက်ထားတဲ့ဖြစ်တန်ခြေ ဖြစ်လာမယ် ဆိုရင်တောင် တရုတ်နိုင်ငံအနေနဲ့ NUG ကိုယ်စားလှယ်ကို လက်ခံလိုက်တယ်ဆိုတဲ့ အမြင်မျိုး မဖြစ်ရလေအောင် နည်းလမ်းမျိုးစုံနဲ့ စီမံဖွယ်ရှိပါတယ်။ ဥပမာ - ဆုံးဖြတ်ချက်ရဲ့ စကားလုံးအသုံးအနှုန်း ရွေးချယ်ပုံကစလို့ လက်ရှိကိုယ်စားလှယ် ဦးကျော်မိုးထွန်းနဲ့ NUG ဘက်က နိုင်ငံရေးအရ မှီရသလို မျက်နှာပွင့်တဲ့ 'အမြင်'မျိုး မဖြစ်ရအောင် ကြိုးစားစီမံတာမျိုးပါ။ ဒါကြောင့် အခုကျင်းပမယ့် ကုလသမဂ္ဂအထွေထွေညီလာခံမှာ မြန်မာကိုယ်စားလှယ် ဦးကျော်မိုးထွန်းအနေနဲ့ မိန့်ခွန်း ပြောခွင့်မရတာ၊ ဒီ့ထက်ဆိုးရင် ညီလာခံအတွင်း ဝင်ရောက်တက်ခွင့်မရတာမျိုးပါ ဖြစ်နိုင်ပါတယ်။ ဒ့ါအပြင် သူ့ရဲ့သက်တမ်းကိုလည်း ပုံမှန်အတိုင်းကုန်ဆုံးမယ့် ၂၀၂၁ ခုနှစ် နှစ်ကုန်အထိပဲ ထားဖွယ်ရှိပါတယ်။ စက်တင်ဘာ ၁၄ ရက် ညပိုင်း(မြန်မာစံတော်ချိန်)မှာ စတင်ခဲ့တဲ့ ၇၅ ကြိမ်မြောက် ကုလသမဂ္ဂ အထွေထွေညီလာခံ ပိတ်ပွဲနဲ့ ၇၆ ကြိမ်မြောက် ညီလာခံဖွင့်ပွဲ အစည်းအဝေးမှာတော့ ကုလသမဂ္ဂဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ် သံအမတ်ကြီး ဦးကျော်မိုးထွန်း တက်ရောက်ခဲ့တာကို တွေ့ရပါတယ်။[၁]

## ■ နိဒါန်း

၇၆ ကြိမ်မြောက် ကုလသမဂ္ဂ အထွေထွေညီလာခံမှာ အမျိုးသားညီညွတ်ရေးအစိုးရ (NUG) နဲ့ အာဏာသိမ်း စစ်ကောင်စီအကြား ကိုယ်စားပြုခွင့်ရရှိရေးအတွက် ကြိုးပမ်းရတော့မှာပါ။ ကုလသမဂ္ဂမှာ ကိုယ်စားပြုခွင့်ဆိုတာ နိုင်ငံတကာစင်မြင့်ထက်မှာ နိုင်ငံကို တရားဝင်ကိုယ်စားပြုခွင့်ရမယ်၊ အသိအမှတ်ပြုမှုရရှိတယ်လို့ မှတ်ယူကြပါတယ်။ ဒ့ါအပြင် ကုလသမဂ္ဂအဖွဲ့ဝင်အဖြစ် အထွေထွေညီလာခံမှာသာမကဘဲ ကုလသမဂ္ဂ ဆက်စပ်အဖွဲ့အစည်းတွေမှာ အထူးသဖြင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့နဲ့ လူ့အခွင့်အရေးကောင်စီတွေမှာပါ နိုင်ငံကိုယ်စားပြု ပြောဆိုခွင့်ရလာမှာ ဖြစ်ပါတယ်။ ဒါကြောင့် အထွေထွေညီလာခံမှာ အသိအမှတ်ပြုမှုရရှိဖို့ နှစ်ဦးနှစ်ဖက်စလုံးအတွက် အမြင့်ဆုံး သံခင်းတမန်ခင်းတိုက်ပွဲလို့ ဆိုရမှာပါ။

---

၁ ထိုအချက်အလက်ကို စက်တင်ဘာ ၁၅ ရက် နံနက် ၁၀ နာရီ (မြန်မာစံတော်ချိန်) တွင် ဖြည့်စွက်ခဲ့ခြင်း ဖြစ်သည်။

INFOGUIDE

## မြန်မာနိုင်ငံတွင် စစ်အာဏာသိမ်းခံရပြီးနောက်ပိုင်း ကုလသမဂ္ဂ၏ တုံ့ပြန်ဆောင်ရွက်ချက်များ

**၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် သမ္မတဦးဝင်းမြင့် အပါအဝင် အခြားခေါင်းဆောင်များကို ဖမ်းဆီး ထိန်းသိမ်းခဲ့ခြင်းအား ကုလသမဂ္ဂ အထွေထွေ အတွင်းရေးမှူးချုပ် အန်တိုနီယို ဂူတာရက်က ရှုတ်ချခဲ့သည်။

**၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၄**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အား ဖမ်းဆီးထားခြင်းမှ လွှတ်ပေးရန် ကုလသမဂ္ဂလုံခြုံရေးကောင်စီက သဘောထားထုတ်ပြန်၍ တောင်းဆိုခဲ့သည်။

**၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၂၆**

ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်၏ မြန်မာ့အရေး အထူးကိုယ်စားလှယ် ခရစ္စတင်း ဘာဂနာ၏ အလွတ်သဘော မျက်နှာစုံညီကြားနာပွဲ ပြုလုပ်ခဲ့သည်။ မြန်မာနိုင်ငံဆိုင်ရာ အမြဲတမ်း ကိုယ်စားလှယ် ဦးကျော်မိုးထွန်းက စစ်အာဏာသိမ်းမှုကို ဆန့်ကျင်ကြောင်းနှင့် ၎င်းအနေဖြင့် ယခုအစည်းအဝေးကို ပြည်ထောင်စုလွှတ်တော် ကိုယ်စားပြုကော်မတီ (CRPH) အား ကိုယ်စားပြု၍ တက်ရောက်ကြောင်း ပြောကြားခဲ့သည်။

**၂၀၂၁ ခုနှစ် မတ် ၁၀**

ငြိမ်းချမ်းစွာဆန္ဒပြနေသူများကို အကြမ်းဖက်ဖြိုခွင်းမှုများအား ပြင်းပြင်းထန်ထန် ရှုတ်ချကြောင်းနှင့် မြန်မာနိုင်ငံရှိ ဘက်အသီးသီးနှင့် ထိတွေ့ရန်အတွက် အာဆီယံအား အားပေးထောက်ခံကြောင်း ကုလသမဂ္ဂ လုံခြုံရေးကောင်စီ ဥက္ကဋ္ဌ၏ သဘောထားထုတ်ပြန်ချက် (Presidential Statement) ထွက်ရှိခဲ့သည်။

**၂၀၂၁ ခုနှစ် မတ် ၂၄**

မြန်မာနိုင်ငံတွင် အင်အားသုံး ဖြိုခွင်းနေမှုများအား ရှုတ်ချသည့် ဆုံးဖြတ်ချက် (resolution) တရပ်ကို ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီက ချမှတ်ခဲ့သည်။

**၂၀၂၁ ခုနှစ် မတ် ၃၁**

မြန်မာနိုင်ငံရှိ အာဏာသိမ်းမှုဖြစ်စဉ်နှင့် စပ်လျဉ်း၍ ကုလသမဂ္ဂ လုံခြုံရေးကောင်စီ၏ တံခါးပိတ်အစည်းအဝေး ပြုလုပ်ခဲ့သည်။ အဆိုပါအစည်းအဝေး အပြီးတွင် မြန်မာနိုင်ငံ၌ ငြိမ်းချမ်းစွာ ဆန္ဒပြနေသူများအား စစ်တပ်က အကြမ်းဖက်ဖြိုခွင်းခြင်းအား ပြင်းပြင်းထန်ထန် ရှုတ်ချကြောင်းနှင့် စိုးရိမ်ကြောင်း ထုတ်ပြန်ချက်တစောင် ထွက်ရှိခဲ့သည်။

**၂၀၂၁ ခုနှစ် ဧပြီ ၉**

ကုလသမဂ္ဂ လုံခြုံရေးကောင်စီသည် Arria-formula အစည်းအဝေးကို အွန်လိုင်းမှတဆင့်ကျင်းပခဲ့ပြီး အဆိုပါ အစည်းအဝေးသို့ ဒေါ်ဇင်မာအောင် (CRPH/NUG)၊ စိုင်းဆမ်ခမ်း (အရပ်ဘက်အဖွဲ့အစည်း)၊ မစ္စတာ ရစ်ချတ်ဟိုဆေး (ICG) နှင့် ဦးကျော်မိုးထွန်းတို့ တက်ရောက်ဆွေးနွေးခဲ့သည်။

**၂၀၂၁ ခုနှစ် ဧပြီ ၃၀**

ကုလသမဂ္ဂ လုံခြုံရေးကောင်စီ၏ သီးသန့်အစည်းအဝေးကို အွန်လိုင်းမှတဆင့် ပြုလုပ်ခဲ့ပြီး ကုလသမဂ္ဂအထူးကိုယ်စားလှယ် ခရစ်စတင်းဘာဂနာနှင့် ဘရူနိုင်း ဒုတိယနိုင်ငံခြားရေးဝန်ကြီး ဒါတိုအီရီဝမ်ယူဆော့ဖ်တို့ တက်ရောက်ခဲ့ကြသည်။ မြန်မာနိုင်ငံတွင် ဒီမိုကရေစီပြန်လည်ဖော်ဆောင်ရေး၊ ဒေါ်အောင်ဆန်းစုကြည်အား ပြန်လွှတ်ပေးရေးနှင့် အကြမ်းဖက်မှုများ ချက်ချင်းရပ်တန့်ပြီး ဆွေးနွေးမှုများ စတင်ရန် သဘောထားထုတ်ပြန်ချက်တရပ် ထုတ်ပြန်ခဲ့သည်။

**၂၀၂၁ ခုနှစ် ဇွန် ၁၈**

အာဏာသိမ်းစစ်တပ်အား ရှုတ်ချကြောင်း၊ ဒီမိုကရေစီအစိုးရကို ပြန်လည်ဖော်ဆောင်ရေးနှင့် မြန်မာသို့ လက်နက်ရောင်းချမှုများကို ပိတ်ပင်ရန် တိုက်တွန်းသော ဆုံးဖြတ်ချက်တရပ်ကို ကုလသမဂ္ဂ အထွေထွေညီလာခံတွင် ချမှတ်ခဲ့သည်။

**၂၀၂၁ ခုနှစ် ဇူလိုင် ၃၀**

လုံခြုံရေးကောင်စီသည် Arria-formula အစည်းအဝေးကို အွန်လိုင်းမှတဆင့်ကျင်းပခဲ့ပြီး မြန်မာနိုင်ငံမှ ဒေါ်ဆူဇန်နာလှလှစိုး (NUG) နှင့် ဝွမ်ဆန်နမ် (ကချင်နိုင်ငံရေး ကြားဖြတ်ညှိနှိုင်းရေးအဖွဲ့)တို့ တက်ရောက်ဆွေးနွေးခဲ့ကြသည်။

ရည်ညွှန်း - ယခုအချက်အလက်များမှာ မီဒီယာများနှင့် လွတ်လပ်သော အဖွဲ့အစည်းများ၏ ဖော်ပြချက်များကို အခြေပြု၍ ISP-Myanmar က မှတ်တမ်းပြုစုထားခြင်းဖြစ်ပါသည်။

စစ်ကောင်စီဟာ အာဏာသိမ်းပြီးနောက် အိမ်စောင့်အစိုးရအဖြစ် ဖွဲ့စည်းခဲ့ပါတယ်။ ဒါပေမဲ့ လက်ရှိအချိန်အထိ တရုတ်နိုင်ငံတခုတည်းဆီကသာ 'အစိုးရ' လို့ သုံးနှုန်းခံရပြီး ကျန်နိုင်ငံတွေဆီက တရားဝင် အသိအမှတ်ပြုခြင်း မခံရသေးပါဘူး။ ဆန့်ကျင်မှု တွေကို ပြည်တွင်းမှာ အပြင်းအထန်ရင်ဆိုင်နေရတဲ့ စစ်ကောင်စီအတွက် အာဏာ ဆက်လက်ကိုင်ထားရေးနဲ့ တိုင်းပြည်ကို ထိန်းချုပ်ထားရေး တရားဝင်ဖြစ်မှုအတွက်  နိုင်ငံတကာနဲ့ ကုလသမဂ္ဂလိုစင်မြင့်ရဲ့ အသိအမှတ်ပြုရေးဟာ အရေးပါတဲ့ အခန်းကဏ္ဍမှာ ရှိနေပါတယ်။

၁၉၈၈ ခုနှစ်နောက်ပိုင်း ဒီမိုကရေစီအရေးလှုပ်ရှားသူတွေဟာ စစ်အစိုးရ ကိုယ်စားလှယ်ကို ကုလသမဂ္ဂထိုင်ခုံကနေ ဖယ်ရှားရေးနဲ့ နိုင်ငံတကာက တစုတဝေးတည်း အရေးယူရေးကိစ္စရပ်တွေကို ကြိုးပမ်းခဲ့ပေမဲ့ အောင်မြင်မှု မရခဲ့ပါဘူး။ ဒီတကြိမ် ကုလသမဂ္ဂမျက်နှာစာ သံတမန်တိုက်ပွဲမှာ NUG ကို ရှေ့တန်းရောက်စေတဲ့ အချက်ကတော့ (NLD အစိုးရက ခန့်အပ်ထားတဲ့) ကုလသမဂ္ဂ မြန်မာအမြဲတမ်း ကိုယ်စားလှယ် ဦးကျော်မိုးထွန်းက အာဏာသိမ်းမှုကို ရဲရဲတင်းတင်း ဆန့်ကျင်ခဲ့တာ ဖြစ်ပါတယ်။ ဒ့ါအပြင် နိုင်ငံတကာအသိုင်းအဝိုင်းအနေနဲ့ မြန်မာပြည်သူတွေနဲ့အတူ အရပ်သားအစိုးရဘက်က ရပ်တည်ကြဖို့ တောင်းဆိုခဲ့ပါတယ်။ အာဏာသိမ်း စစ်ကောင်စီက သူ့ကို ရာထူးကထုတ်ပယ်ပြီး နိုင်ငံတော် သစ္စာဖောက်ဖျက်ပုန်ကန်မှုနဲ့ အမှုတပ်ခဲ့ပေမဲ့ ကုလသမဂ္ဂက စည်းမျဉ်းအတိုင်း ညီလာခံ ဆက်လက်တက်ခွင့်ပေးခဲ့တာက NUG အတွက် တပန်းသာစေတဲ့အချက် ဖြစ်ပါတယ်။

ဦးကျော်မိုးထွန်း ရယူထားတဲ့ နယူးယောက် အမြဲတမ်းကိုယ်စားလှယ် နေရာဟာ ကုလသမဂ္ဂစနစ်အတွင်း အရေးပါတဲ့နေရာဖြစ်ပြီး သံတမန်လုပ်ထုံးလုပ်နည်း ရှုထောင့်ကကြည့်ရင် အမြင့်ဆုံးဖြစ်ပါတယ်။ အဲဒီနေရာကို ရရှိထားမယ်ဆိုရင် အခြား ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများရှိ ဘယ်နေရာမှာမဆို မြန်မာနိုင်ငံကို အမြင့်ဆုံး ကိုယ်စားပြုနိုင်မှာ ဖြစ်ပါတယ်။ သမိုင်းတလျှောက်မှာ မြန်မာ့နိုင်ငံရေး အကျပ်အတည်း ဖြေရှင်းမှု၊ ဒီမိုကရေစီအရေးနဲ့ လူ့အခွင့်အရေးအတွက် အရေးယူ ဆောင်ရွက်မှု စတာတွေနဲ့ပတ်သက်ရင် ထိထိရောက်ရောက် အရွေ့တခုကို မလုပ်နိုင်တဲ့ ကုလသမဂ္ဂအဖွဲ့အစည်းတွေဟာ လူ့အခွင့်အရေးနဲ့ ဒီမိုကရေစီအရေး လှုပ်ရှားသူတွေရဲ့ ဝေဖန်မှုကို အမြဲတစေ ခံခဲ့ရပါတယ်။ စစ်အစိုးရအဆက်ဆက်ဟာ ကုလသမဂ္ဂရဲ့ ကြားဝင်စေ့စပ်မှုတွေကို နည်းအမျိုးမျိုးနဲ့ ဆန့်ကျင်ခဲ့သလို ကုလသမဂ္ဂရဲ့ တိုင်းပြည်အတွင်း လှုပ်ရှားမှုတွေကို ကန့်သတ်ခဲ့ပါတယ်။ တခါ ကုလသမဂ္ဂရဲ့ အကြံပြုချက်တွေအပေါ် လိုက်ပါဆောင်ရွက်မှုလည်း အားနည်းခဲ့ပါတယ်။

ဦးကျော်မိုးထွန်း ရယူထားတဲ့ နယူးယောက် အမြဲတမ်းကိုယ်စားလှယ် နေရာဟာ ကုလသမဂ္ဂ စနစ်အတွင်း အရေးပါတဲ့ နေရာဖြစ်ပြီး သံတမန် လုပ်ထုံးလုပ်နည်း ရှုထောင့်ကကြည့်ရင် အမြင့်ဆုံးဖြစ်ပါတယ်။

၁၉၉၃ ခုနှစ်နောက်ပိုင်းမှာ မြန်မာ့အရေးကိစ္စဟာ ကုလသမဂ္ဂ လုံခြုံရေးကောင်စီ၊ အထွေထွေညီလာခံနဲ့ လူ့အခွင့်အရေးကောင်စီတွေရဲ့ အစည်းအဝေး အစီအစဉ်တွေ

မှာ စတင်ပါဝင်လာခဲ့ပါတယ်။ ၂၀၀၅ ခုနှစ်က စပြီး လုံခြုံရေးကောင်စီ အစည်းအဝေးတွေမှာ မြန်မာ့အရေးက ဆက်တိုက်ပါဝင်ခဲ့ပါတယ်။ ၂၀၀၇ ခုနှစ်၊ ၂၀၀၈ ခုနှစ်နဲ့ ၂၀၁၇ ခုနှစ်တွေမှာဆိုရင် လုံခြုံရေးကောင်စီဥက္ကဋ္ဌရဲ့ သဘောထားထုတ်ပြန်ချက်တွေပါ ထွက်ရှိခဲ့ပါတယ်။ အခု ဖေဖော်ဝါရီ အာဏာသိမ်းပြီးနောက်မှာ လုံခြုံရေးကောင်စီက မြန်မာ့အရေးနဲ့ပတ်သက်လို့ အထူးကိုယ်စားလှယ်နဲ့ တံခါးပိတ်ဆွေးနွေးမှုတွေအပါအဝင် စုစုပေါင်း ကိုးကြိမ်ထက်မနည်း ပြုလုပ်ခဲ့ပြီး သတင်းထုတ်ပြန်ချက်သုံးခုနဲ့ ဥက္ကဋ္ဌ သဘောထားထုတ်ပြန်ချက်တခုကို ထုတ်ပြန်ခဲ့ပါတယ်။ ထုတ်ပြန်ချက်တွေမှာ စစ်အာဏာသိမ်းမှုကို ရှုတ်ချတာတွေပါဝင်ပေမဲ့ ပြင်းထန်တဲ့စကားလုံးတွေနဲ့ ပစ်မှတ်ထား အရေးယူမယ်ဆိုတဲ့ စကားလုံးတွေကို တရုတ်နဲ့ ရုရှားရဲ့ ကန့်ကွက်မှုတွေကြောင့် ဖယ်ရှားပစ်ခဲ့ရပါတယ်။

ဒါပေမဲ့ ကုလသမဂ္ဂ အထွေထွေညီလာခံတွေမှာ လုပ်ဆောင်လေ့မရှိတဲ့ ကိစ္စတခုအဖြစ် အာဏာသိမ်းမှုကို ရှုတ်ချတာနဲ့ လက်နက်ရောင်းချမှုကို အဖွဲ့ဝင်နိုင်ငံတွေက တားဆီးရန်တိုက်တွန်းခြင်း ဆုံးဖြတ်ချက်ကို ချမှတ်နိုင်ခဲ့ပါတယ်။ လူ့အခွင့်အရေးကောင်စီကလည်း မြန်မာ့အရေးနဲ့ပတ်သက်ပြီး အထူးဆွေးနွေးမှု လုပ်ခဲ့သလို ဆုံးဖြတ်ချက်နှစ်ခုကိုလည်း ချမှတ်ခဲ့ပါတယ်။ ဒီမိုကရေစီအရေး ထောက်ခံဆန္ဒပြသူတွေဟာ ‘Responsibility to Protect’ (R2P) ကို မျှော်လင့်ခဲ့ကြပြီး ကုလသမဂ္ဂက စေလွှတ်တဲ့ ငြိမ်းချမ်းရေးတပ်သားတွေလာဖို့ အရပ်သားအစိုးရ အာဏာရအောင် လုပ်ဆောင်ပေးဖို့ အဓိက တောင်းဆိုခဲ့ကြပါတယ်။ ဒါပေမဲ့ ကုလသမဂ္ဂဟာ လက်တွေ့မှာတော့ တရုတ်နဲ့ရုရှားရဲ့ ကန့်ကွက်မှုတွေကြောင့် လေသံပြင်းပြင်း ရှုတ်ချမှုတောင် မလုပ်နိုင်ခဲ့ပါဘူး။

ကုလသမဂ္ဂစင်မြင့်မှာ NUG ရဲ့ ကိုယ်စားလှယ်ကိုသာ အသိအမှတ်ပြုပေးလိုက်ရင်၊ ဒါမှမဟုတ် NUG ကို ပြတ်ပြတ်သားသား အသိအမှတ်ပြုမှုမဟုတ်ဘဲ ဦးကျော်မိုးထွန်းကိုပဲ ဆက်လက်ထားရှိမယ်ဆိုရင် ပြည်တွင်းမှာ လက်ရှိ ဆောင်ရွက်နေတဲ့ ကုလသမဂ္ဂရဲ့လုပ်ငန်းတွေကို စစ်ကောင်စီက ရပ်တန့်ပစ်လိုက်တာမျိုးနဲ့ ဖွံ့ဖြိုးမှုဆိုင်ရာ လုပ်ငန်းလုပ်ကိုင်ခွင့်တွေကို ပိတ်ပင်ပစ်လိုက်တာမျိုးတွေနဲ့ တုံ့ပြန်လာနိုင်ဖွယ်ရာ ရှိပါတယ်။ ကုလသမဂ္ဂက အခုတကြိမ်ချမှတ်မယ့် အဆုံးအဖြတ်ဟာ မြန်မာနိုင်ငံက ဒီမိုကရေစီထောက်ခံသူတွေရဲ့ဖိအားတင်မကဘဲ စစ်ကောင်စီရဲ့ဖိအားကိုပါ ရင်ဆိုင်ရမှာဖြစ်ပြီး တဖက်ဖက်ကိုအလေးသာခဲ့ရင် နှစ်ဘက်စလုံးရဲ့ငြင်းဆန်မှုတွေကြောင့် ကုလသမဂ္ဂရဲ့လုပ်ငန်းဆောင်တာတွေ ပြည်တွင်းမှာ ဆက်လက် အကောင်အထည်ဖော်ရေး အကျပ်အတည်းတွေ ဖြစ်နိုင်ပါတယ်။

## ■ ဘယ်လိုအငြင်းပွားမှုမျိုး ဖြစ်နေသလဲ

ကုလသမဂ္ဂမှာ မြန်မာနိုင်ငံရဲ့ကိုယ်စားပြုခွင့် မဆုံးဖြတ်ခင် တပတ်အလို၊ ၂၀၂၂

**၉ ကြိမ်**

ကုလသမဂ္ဂ အထွေထွေ
အတွင်းရေးမှူးချုပ်၏
အထူးကိုယ်စားလှယ်နှင့်
လုံခြုံရေးကောင်စီတို့အကြား
မြန်မာ့အရေးနှင့်ပတ်သက်ပြီး
တံခါးပိတ် ဆွေးနွေးပွဲအပါအဝင်
တွေ့ဆုံမှု ကိုးကြိမ်ထက်မနည်း
ပြုလုပ်ထားသည်။

ခုနှစ် စက်တင်ဘာ ၇ ရက်မှာပဲ NUG က တတိုင်းပြည်လုံးကို အရေးပေါ်အခြေအနေ ကြေညာပြီး အုံကြွခုခံစစ် စတင်ကြဖို့ တိုက်တွန်းလိုက်ပါတယ်။ လူ့အခွင့်အရေး ချိုးဖောက်မှု ကျူးလွန်နေတဲ့ စစ်ကောင်စီကတင်မြှောက်တဲ့ ကိုယ်စားလှယ်နဲ့ ဒီမိုကရေစီအရေး လှုပ်ရှားသူတွေ တခဲနက်ထောက်ခံထားတဲ့ မြန်မာကိုယ်စားလှယ် ဦးကျော်မိုးထွန်းကို ယှဉ်ပြီးရွေးချယ်ဖို့ ကုလသမဂ္ဂမှာ အကျပ်အတည်း ဖြစ်နေပါတယ်။ အခြေခံအားဖြင့် ကုလသမဂ္ဂစင်မြင့်မှာ အစိုးရတရပ်ကို တရားဝင် အသိအမှတ်ပြုခြင်းဟာ -

(၁) နယ်မြေပိုင်နက်ကို ထိရောက်စွာ ထိန်းချုပ်ခြင်း၊
(၂) ဒီမိုကရေစီအရ တရားဝင်မှု၊
(၃) နိုင်ငံတကာဥပဒေများကို လိုက်နာခြင်းဆိုတဲ့
အဓိကအချက်သုံးချက်ပေါ်မှာ မူတည်ပြီး စဉ်းစားသုံးသပ်ပါတယ်။

အခုဖြစ်ပေါ်နေတဲ့ အကျပ်အတည်းမှာ စစ်ကောင်စီဟာ မကြာခဏဖြစ်ပွားနေတဲ့ တိုက်ခိုက်ခံရမှုတွေကလွဲပြီး နယ်မြေပိုင်နယ်ကို ထိရောက်စွာ ထိန်းချုပ်ထားနိုင်ခြင်း ဆိုတဲ့ အားသာချက်ရှိနေသလို NUG ဘက်မှာတော့ မြန်မာပြည်သူလူထုရဲ့တခဲနက် အားပေးထောက်ခံမှုကို ရရှိထားပါတယ်။ ဒါကြောင့် တရားဝင်မှုမှာ အားသာချက် ရှိနေတယ်လို့ ပညာရှင်တွေက ပြောဆိုထားပါတယ်။ ထူးခြားချက်တခုက NUG အနေနဲ့ တိုင်းရင်းသားလက်နက်ကိုင် (EAOs) တွေနဲ့ မဟာမိတ်ပြုထားတာကြောင့် EAOs နယ်မြေတွေဟာ သူတို့ရဲ့ အမာခံနယ်မြေအဖြစ် သုံးသပ်ယူဆတာမျိုးလည်း ရှိပါတယ်။ တဖက်မှာလည်း NUG ဟာ ဒီမိုကရေစီလိုလားတဲ့ အရပ်သားတွေရဲ့ ထောက်ခံမှု ရထားပြီး လက်ရှိအချိန်မှာလည်း တိုင်းရင်းသား လက်နက်ကိုင်တွေနဲ့ ပူးပေါင်းရင်း လူထုအတွက်လိုအပ်တဲ့ အကူအညီတွေ ပံ့ပိုးနေတာမျိုး ရှိပါတယ်။ စစ်အာဏာရှင်စနစ် ဆန့်ကျင်ရေး လူထုလှုပ်ရှားမှုတွေရဲ့ အဓိကမဏ္ဍိုင်ဖြစ်တဲ့အပြင် လက်ရှိမှာလည်း စစ်ကောင်စီတပ်တွေကို ဆန့်ကျင်တိုက်ခိုက်နေပြီး နိုင်ငံအနှံ့မှာ ရှိနေတဲ့ ပြည်သူ့ကာကွယ်ရေးတပ်တွေကလည်း NUG ကို ထောက်ခံထားပါတယ်။ ဒါ့အပြင် NUG အနေနဲ့ နိုင်ငံတကာဥပဒေတွေကို လိုက်နာမယ်လို့ ကတိပြုထားတဲ့ အပြင် International Criminal Court က လုပ်ဆောင်ချက်တွေကို လက်ခံမယ်လို့ ကတိပြု ထားပါတယ်။ ဒါကြောင့် NUG ဟာ လူ့အခွင့်အရေးချိုးဖောက်မှုတွေကို ဆက်တိုက် ကျူးလွန်နေတဲ့ စစ်ကောင်စီနဲ့မတူဘဲ ဒီမိုကရေစီအရ တရားဝင်မှုရှိတယ်လို့ နိုင်ငံ တကာပညာရှင်တွေက သုံးသပ်ကြပါတယ်။

စစ်အာဏာရှင် စနစ်ဆန့်ကျင်ရေး လူထုလှုပ်ရှားမှုတွေရဲ့ အဓိကမဏ္ဍိုင်ဖြစ်တဲ့အပြင် လက်ရှိမှာလည်း စစ်ကောင်စီတပ်တွေကို ဆန့်ကျင်တိုက်ခိုက်နေပြီး နိုင်ငံအနှံ့မှာရှိနေတဲ့ ပြည်သူ့ကာကွယ်ရေးတပ် တွေကလည်း NUG ကို ထောက်ခံထားပါတယ်။

ဒါ့အပြင် အာဏာသိမ်းစစ်ကောင်စီဟာ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ မညီဘဲ အာဏာသိမ်းခဲ့တဲ့အပြင် အနယ်နယ်အရပ်ရပ်မှ လက်နက်ကိုင် ဆန့်ကျင်မှု များကြောင့် ထိရောက်တဲ့ နယ်မြေထိန်းချုပ်မှု လက်ဝယ်မှာ ကိုင်စွဲထားနိုင်ခြင်း မရှိ

ဘူးလို့ မြန်မာနိုင်ငံဆိုင်ရာ အထူးအကြံပေးကောင်စီရဲ့ စာတမ်းမှာ သုံးသပ်ထားပါတယ်။ သိန်းနဲ့ချီတဲ့ အစိုးရဝန်ထမ်းတွေဟာ စစ်ကောင်စီနဲ့ မပူးပေါင်းဘဲ သပိတ်မှောက်ရေးလှုပ်ရှားမှု (CDM) မှာ ပါဝင်နေဆဲဖြစ်တယ်။ စစ်ကောင်စီဟာ ပြည်သူတွေအပေါ် ကြီးမားတဲ့ လူ့အခွင့်အရေးချိုးဖောက်မှုတွေ၊ သတ်ဖြတ်မှုတွေ၊ ညှင်းပမ်းနှိပ်စက်မှုတွေ ကျူးလွန်တာဟာ နိုင်ငံတကာဥပဒေတွေကို ချိုးဖောက်ခြင်းဖြစ်တယ်လို့ ရေးသားထားပါတယ်။ စာတမ်းရှင်တွေကတော့ စစ်ကောင်စီဟာ နိုင်ငံတကာက အသိအမှတ်ပြုလောက်တဲ့ တရားဝင်မှုတွေမရှိဘူးလို့ သုံးသပ်ပါတယ်။ သုံးသပ်ချက်တွေကို ကြည့်မယ်ဆိုရင် ဒီမိုကရေစီအရတရားဝင်မှုနဲ့ နိုင်ငံတကာဥပဒေများလိုက်နာမှုများမှာ စစ်ကောင်စီအတွက် မေးခွန်းထုတ်စရာ ဖြစ်ပါတယ်။

## ■ အငြင်းပွားမှုများကို ဖြေရှင်းခြင်း၊ ဆုံးဖြတ်ခြင်း

ကုလသမဂ္ဂဆိုင်ရာ အဓိကအရေးပါတဲ့ အစိတ်အပိုင်းတခုဖြစ်တဲ့ အထွေထွေညီလာခံမှာ ပါဝင်ခွင့်ရဖို့ အဖွဲ့ဝင်နိုင်ငံတွေအားလုံးဟာ သံတမန်ခန့်အပ်လွှာ (Credential) ကို နှစ်စဉ် တင်ပြဖို့လိုအပ်ပါတယ်။ ဒီလိုမှသာ သက်ဆိုင်ရာ နိုင်ငံအလိုက် တက်ရောက်မယ့် ကိုယ်စားလှယ်များအတွက် တရားဝင် အသိအမှတ်ပြုမှုစာလွှာ (Accreditation) ကို လက်ခံရရှိပြီး ကုလသမဂ္ဂအထွေထွေညီလာခံနဲ့ အခြားအစည်းအဝေးတွေမှာ တရားဝင် နိုင်ငံကိုယ်စားပြု တက်ရောက်ပါဝင်နိုင်မှာ ဖြစ်ပါတယ်။ နိုင်ငံတော်အကြီးအကဲ (Head of State) ဒါမှမဟုတ် အစိုးရအဖွဲ့ခေါင်းဆောင် (Head of Government) ဒါမှမဟုတ် နိုင်ငံခြားရေးဝန်ကြီး (Foreign Minister) က တရားဝင်ကိုယ်စားလှယ်များအဖြစ်နိုင်ငံကိုကိုယ်စားပြုဖို့အတည်ပြုခန့်အပ်ထားတဲ့ သံတမန်ခန့်အပ်လွှာကို ကုလသမဂ္ဂထံပေးအပ်ဖို့ လိုအပ်မှာဖြစ်ပါတယ်။

နှစ်စဉ် စက်တင်ဘာမှာ ကျင်းပတဲ့ ကုလသမဂ္ဂ အထွေထွေညီလာခံမတိုင်ခင် နိုင်ငံတိုင်းဟာ ငါးဦးထက်မပိုသော ကိုယ်စားလှယ်စာရင်းကို ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်ရုံးထံ တင်ပြဖို့လိုပါတယ်။ ကိုယ်စားပြု တက်ရောက်နိုင်ဖို့ အထွေထွေညီလာခံက တာဝန်ပေးအပ်ထားတဲ့ သံတမန်ခန့်အပ်လွှာ စိစစ်ရေးကော်မတီ (Credential Committee) က နိုင်ငံတခုချင်းအလိုက် စစ်ဆေးသုံးသပ်ခြင်းကို အထွေထွေညီလာခံ ကျင်းပနေစဉ်ကာလအတွင်း လုပ်ဆောင်နေမှာ ဖြစ်ပါတယ်။ ပြီးတဲ့အခါ ကော်မတီရဲ့ အကြံပြုချက်ကို အထွေထွေညီလာခံသို့ တင်ပြသွားမှာဖြစ်သလို ညီလာခံကလည်း မဲခွဲဆုံးဖြတ်ခြင်းမရှိဘဲ အလိုအလျောက် အတည်ပြုလေ့ ရှိပါတယ်။ ဒါပေမဲ့ ကော်မတီရဲ့ အကြံပြုချက်အပေါ် ညီလာခံမှာ အငြင်းပွားမှုရှိလာရင် လူအများထောက်ခံမှုနဲ့ မဲခွဲဆုံးဖြတ်မှာဖြစ်ပါတယ်။ မဲခွဲဆုံးဖြတ်ကြတဲ့အခါ ကော်မတီရဲ့အစီရင်ခံစာကို ကိုးကားရပါတယ်။ ဒါ့အပြင် အားလုံးက သဘောတူညီပေမဲ့ နိုင်ငံတနိုင်ငံက မဲခွဲဆုံးဖြတ်ဖို့ အဆိုကို တင်သွင်းနိုင်ပါတယ်။

ကော်မတီဟာ အစိုးရ (ဒါမှမဟုတ်) ခေါင်းဆောင်တယောက်ကို အခြား နိုင်ငံတနိုင်ငံမှ တရားဝင် အသိအမှတ်ပြုခြင်းရှိမရှိဆိုတဲ့ကိစ္စအပေါ်မှာ အဆုံးအဖြတ်ပေးနိုင်တဲ့ တာဝန် မရှိပါဘူး။ အပြိုင်တင်သွင်းလာတဲ့ ကိုယ်စားပြုမှု အချက်အလက်တွေကို ကြည့်ပြီးမှသာ တရားဝင်အစိုးရဟာ အာဏာသိမ်းယူခံရတာ ဒါမှမဟုတ် ပုန်ကန်မှုတွေကြောင့် ဖြုတ်ချခံရတာ စတဲ့ အခြေအနေတွေပေါ်မူတည်ပြီး အရေးပါတဲ့ နိုင်ငံရေး ဖြစ်ရပ်နဲ့ အခြေအနေတွေကို အခြေပြု စဉ်းစားဆင်ခြင်မှာဖြစ်ပါတယ်။ ကိုယ်စားပြုမှုနဲ့ ပတ်သက်တဲ့ အငြင်းပွားဖွယ်ရာ ကိစ္စတွေအတွက် ၁၉၅၀ ပြည့်နှစ် ကုလသမဂ္ဂရဲ့ ပဋိညာဉ်စာတမ်းက ရည်ရွယ်ချက်များနဲ့ အခြေခံမူတွေအပြင် ကိစ္စရပ်တခုစီတိုင်းရဲ့ အခြေအနေ အရပ်ရပ်ကိုပါ ထည့်သွင်းစဉ်းစားသင့်တယ်လို့ အကြံပြုထားပါတယ်။

INFOGUIDE

## သံတမန်ခန့်အပ်လွှာ စိစစ်ရေးကော်မတီ (Credential Committee) တွင် ပါဝင်ခဲ့သော အဖွဲ့ဝင်နိုင်ငံများ

ကော်မတီတွင် အဖွဲ့ဝင်ကိုးနိုင်ငံပါဝင်ပြီး အမေရိကန်၊ ရုရှားနှင့် တရုတ်တို့မှာ နှစ်စဉ်နှစ်တိုင်း ပါဝင်လေ့ရှိကာ ကျန်ခြောက်နိုင်ငံကို ကုလသမဂ္ဂအဖွဲ့ဝင် နိုင်ငံများအနက် ဒေသအလိုက် ဇုန်ငါးခု (အာဖရိကဇုန်၊ အာရှ-ပစိတ်ဖိတ်ဇုန်၊ အနောက်ဥရောပဇုန်၊ လက်တင်အမေရိကဇုန်၊ ကာရေဘီယံဇုန်) ခွဲခြားပြီး အလှည့်ကျ တာဝန်ပေးအပ် ရွေးချယ်ခြင်းဖြစ်ပါသည်။

| ၆၉ ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံ | ၇၀ ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံ | ၇၁ ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံ | ၇၂ ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံ |
|---|---|---|---|
| နမီးဘီးယား | အိုင်ဗရီကို့စ် | ကင်မရွန်း | ကိတ်ဗာတဲ့ |
| ဆီနီဂေါ | တောင်အာဖရိက | မာလဝီ | ယူဂန်ဒါ |
| ဘင်္ဂလားဒေ့ရှ် | ကာဇက်စတန် | တောင်ကိုရီးယား | အင်ဒိုနီးရှား |
| ဒိန်းမတ် | ဩစတီယား | နယ်သာလန် | အိုင်ယာလန် |
| ဘရာဇီး | အာဂျင်တီးနား | ပါရာဂွေး | ဉရုဂွေး |
| ဂျမေကာ | ဘဟားမားစ် | စိန့်လူစီယာ | ဒိုမီနီကာ |
| ၂၀၁၄ | ၂၀၁၅ | ၂၀၁၆ | ၂၀၁၇ |

| ၇၃ ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံ | ၇၄ ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံ | ၇၅ ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံ | ၇၆ ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံ[၂] |
|---|---|---|---|
| ဂါနာ | မောရစ်သျှ | ကင်မရွန်း | ဘဟားမားစ် |
| ဆီရာလီယွန် | ဘော့တ်ဆွာနာ | တန်ဇန်းနီးယား | ဘူတန် |
| ပလောင် | နီပေါ | ပါပူအာ နယူးဂီနီ | ချီလီ |
| ဖင်လန် | ဆန်မာရီနို | အိုက်စ်လန် | နမီးဘီးယား |
| ချီလီ | ဉရုဂွေး | ဉရုဂွေး | ဆီရာလီယွန် |
| အန်တီဂွာနှင့် ဘာဘူဒါ | ဘာဘေးဒိုးစ် | ထရီနီဒတ်နှင့် တိုဘားဂိုး | ဆွီဒင် |
| ၂၀၁၈ | ၂၀၁၉ | ၂၀၂၀ | ၂၀၂၁ |

ရည်ညွှန်း - United Nations

၂ ထိုအချက်အလက်ကို စက်တင်ဘာ ၁၅ ရက် နံနက် ၁၀ နာရီ (မြန်မာစံတော်ချိန်) တွင် ဖြည့်စွက်ခဲ့ခြင်း ဖြစ်သည်။

စစ်ဆေးသုံးသပ်ခြင်းကို ဆောင်ရွက်မယ့် သံတမန်ခန့်အပ်လွှာ စိစစ်ရေးကော်မတီဟာ တနှစ်သက်တမ်းရှိပြီး အဖွဲ့ဝင်နိုင်ငံကိုးနိုင်ငံနဲ့ ဖွဲ့စည်းထားပါတယ်။ တရုတ်၊ ရုရှားနဲ့ အမေရိကန်နိုင်ငံတွေက နှစ်စဉ် ပါဝင်တာဖြစ်ပေမဲ့ အခြားအဖွဲ့ဝင် ခြောက်နိုင်ငံကို ညီလာခံစတင်မယ့် ပထမဆုံးရက် ညီလာခံသဘာပတိက ဖိတ်ခေါ်ပြီးမှသာ သိရမှာဖြစ်ပါတယ်။ အဲဒီအဖွဲ့ဝင်တွေကို ရွေးချယ်ရာမှာ အငြင်းပွားဖွယ်ကိစ္စတွေကို ရှောင်ရှားနိုင်ဖို့ အထွေထွေအတွင်းရေးမှူးချုပ်ရုံးက ကြားနေနိုင်ငံများကို ချဉ်းကပ်ရွေးချယ်လေ့ ရှိပါတယ်။ နိုင်ငံတွေကို ဒေသအလိုက် ဇုန်ငါးခုကနေ ရွေးချယ်ပါတယ်။ အာရှနဲ့ပစိဖိတ်ဒေသ၊ အနောက်ဥရောပ၊ လက်တင်အမေရိကနဲ့ ကာရစ်ဘီယံနိုင်ငံတွေက တနိုင်ငံစီနဲ့ အာဖရိကတိုက်က နှစ်နိုင်ငံတို့ ဖြစ်ပါတယ်။ များသောအားဖြင့် အခြားနိုင်ငံများနဲ့ ဆက်ဆံရေးကောင်းမွန်ပြီး သမာသမတ်ရှိတယ်လို့ ယူဆရတဲ့ နိုင်ငံတွေ ဖြစ်လေ့ရှိပါတယ်။ ဒါ့ကြောင့် ကော်မတီအဖွဲ့ဝင်များကို ညီလာခံမှာ မဲခွဲဆုံးဖြတ်လေ့မရှိဘဲ အတည်ပြုပေးလေ့ရှိတာ ဖြစ်ပါတယ်။ ဒါ့အပြင် ကော်မတီက သုံးသပ်စိစစ်နေစဉ်အတွင်း လက်ရှိကိုယ်စားလှယ်ကပဲ ဆက်လက် တက်ရောက်နိုင်ပါတယ်။

## ■ ကိုယ်စားပြုခွင့်အငြင်းပွားမှု သမိုင်းဖြစ်စဉ်များနှင့် မြန်မာ

ပြီးခဲ့တဲ့ နှစ် ၃၀ ကာလကို ပြန်ကြည့်ရင် ကုလသမဂ္ဂအထွေထွေညီလာခံက အာဏာသိမ်းအစိုးရတွေ၊ စစ်အာဏာရှင်တွေကို အသိအမှတ်ပြုဖို့ ငြင်းပယ်ခဲ့တာတွေကို တွေ့ရမှာပါ။ လက်ရှိကြုံတွေ့နေရတဲ့ ကိုယ်စားပြုခွင့်ရရှိရေး အကျပ်အတည်းဟာ ဟေတီ(၁၉၉၂)နဲ့ ဆီရာလီယွန်(၁၉၉၆)မှာ အာဏာသိမ်းလိုက်တဲ့ အခြေအနေတွေနဲ့ ဆင်တူပါတယ်။ ဟေတီမှာဆိုရင်လည်း အာဏာသိမ်းစစ်တပ်က နယ်မြေအရ ထိန်းချုပ်မှုကိုလုပ်နိုင်ပေမဲ့ အထွေထွေညီလာခံမှာ ဖယ်ရှားခံလိုက်ရတဲ့ အစိုးရရဲ့ ကိုယ်စားလှယ်ကိုပဲ အသိအမှတ်ပြုခဲ့ပါတယ်။ ဆီရာလီယွန်ရဲ့ ဖြစ်ရပ်မှာလည်း အာဏာသိမ်းစစ်တပ်ရဲ့တင်ပြမှုကို ငြင်းပယ်ပြီး ဖယ်ရှားခံရတဲ့အစိုးရကို အသိအမှတ် ပြုပေးခဲ့ပါတယ်။

၂၀၀၉ ခုနှစ် ဟွန်ဒူးရပ် စစ်အာဏာသိမ်းမှုမှာဆိုရင်လည်း အာဏာသိမ်း စစ်ခေါင်းဆောင် တင်သွင်းလာတဲ့ ကိုယ်စားပြုမှုထက် အရပ်သားအစိုးရ တင်သွင်းလာတဲ့ ကိုယ်စားပြုမှုကိုသာ လက်ခံဖို့ ဆုံးဖြတ်ချက်ချခဲ့ပါတယ်။ အဲဒီဖြစ်ရပ်တွေဟာ မြန်မာအတွက်တော့ နမူနာဖြစ်ရပ်တွေ ဖြစ်ပါတယ်။

ကိုယ်စားပြုမှုနဲ့ပတ်သက်လာရင် ၁၉၄၆ ခုနှစ်ကတည်းက အငြင်းပွားဖွယ်ရာ ဖြစ်ရပ်တွေ စပြီးပေါ်ပေါက်ခဲ့ပါတယ်။ ကွန်ဂို(၁၉၆၀)နဲ့ ယီမင်(၁၉၆၂)တို့မှာဆိုရင် နယ်မြေအများစု စိုးမိုးထားနိုင်တဲ့ အာဏာသိမ်းအစိုးရတွေရဲ့ကိုယ်စားပြုခွင့်တွေကို လက်ခံခဲ့တဲ့ သာဓကတွေရှိခဲ့ပါတယ်။ ဖြစ်ရပ် အတော်များများမှာတော့ ကမ္ဘာ့

အင်အားကြီးနိုင်ငံတွေရဲ့ စဉ်းစားချက်တွေ၊ ကမ္ဘာ့နိုင်ငံရေး နောက်ခံအခြေအနေတွေက လွှမ်းမိုးမှု ကြီးကြီးမားမား ရှိနေပါတယ်။ ၁၉၄၉ ခုနှစ် တရုတ်ပြည်တွင်းစစ်ပြီးဆုံးခါနီးအချိန်မှာလည်း နယ်မြေအများစု စိုးမိုးထားနိုင်ပြီဖြစ်တဲ့ တရုတ်ကွန်မြူနစ်အစိုးရနဲ့ ထိုင်ဝမ်အစိုးရတို့အကြား ကိုယ်စားပြုခွင့်အငြင်းပွားမှု ဖြစ်ခဲ့ပါတယ်။ ထိုင်ဝမ်အစိုးရအနေနဲ့ ကိုယ်စားပြုခွင့်ရခဲ့ပေမဲ့ ၁၉၇၁ ခုနှစ်မှာတော့ တရုတ်ကွန်မြူနစ်အစိုးရက အစားထိုး ကိုယ်စားပြုခွင့်ရခဲ့ပါတယ်။ နောက်ခံအခြေအနေကိုကြည့်ရင် အဲဒီကာလမှာ တရုတ်-ဆိုဗီယက် အကွဲအပြဲတွေကြောင့် အမေရိကန်နဲ့ တရုတ်အကြား ဆက်ဆံရေးတိုးတက်နေချိန်လည်း ဖြစ်ပါတယ်။ ရုရှားနဲ့တရုတ်ထောက်ခံတဲ့ ဘယ်လာရုစ်နဲ့ ဗင်နီဇွဲလားနိုင်ငံတွေမှာဆိုရင် အုပ်စိုးသူတွေက ရွေးကောက်ပွဲရလဒ်တွေကို လိုသလိုပုံဖော်ပြီး အာဏာကို ဆက်လက်ကိုင်စွဲထားကြ

INFOGUIDE

## ကိုယ်စားပြုခွင့် အငြင်းပွားမှုများနှင့် ပတ်သက်၍ ယခင်အဖြစ်အပျက်များမှ ဆုံးဖြတ်ချက်များ

| နယ်မြေအများအပြား ထိန်းချုပ်ထားနိုင်ခြင်း | နယ်မြေအနည်းစု(သို့) လုံးဝထိန်းချုပ်ထားနိုင်ခြင်းမရှိ | လက်ရှိကိုယ်စားလှယ်ကို ဆက်လက်တာဝန်ယူစေခြင်း | မည်သူမျှကိုယ်စားပြုခွင့်မရှိ (ခုံအလွတ်) |
|---|---|---|---|
| တောင်အာဖရိက (၁၉၄၆) | ထိုင်ဝမ် (၁၉၄၉) | ကမ္ဘောဒီးယား (၁၉၇၃) | ဟန်ဂေရီ (၁၉၅၆) |
| ကွန်ဂို (၁၉၆၀) | ကမ္ဘောဒီးယား (၁၉၇၈) | ကမ္ဘောဒီးယား (၁၉၇၄) | တောင်အာဖရိက (၁၉၇၀)* |
| ယီမင် (၁၉၆၂) | ဟေတီ (၁၉၉၂) | အာဖဂန်နစ္စတန် (၁၉၉၆) | ကမ္ဘောဒီးယား (၁၉၉၇) |
| ဟန်ဂေရီ (၁၉၆၃)* | ဆီရာလီယွန် (၁၉၉၇) | | |
| တရုတ် (၁၉၇၁)* | ဟွန်ဒူးရပ်စ် (၂၀၀၉)** | | |
| လစ်ဗျား (၂၀၁၁)** | | | |

(*) ပြထားသော ဖြစ်ရပ်များမှာ ယခင်က မတူညီသောဆုံးဖြတ်ချက် တမျိုးမျိုးကျခဲ့ပြီး နှစ်အတန်ကြာတွင် ဆုံးဖြတ်ချက် အပြောင်းအလဲရှိခြင်းကို ဆိုလိုပါသည်။

(**) ပြထားသော ဖြစ်ရပ်များမှာ သံတမန်ခန့်အပ်လွှာ စိစစ်ရေးကော်မတီက အကြံမပြုရသေးခင်ကပင် ကုလသမဂ္ဂ အထွေထွေညီလာခံကဖြစ်စေ၊ လုံခြုံရေးကောင်စီကဖြစ်စေ ကြိုတင်ဆုံးဖြတ်ချက် ချနှင့်ပြီးသော ကိစ္စရပ်များရှိသည့် ဖြစ်ရပ်များဖြစ်ပါသည်။

ကုလသမဂ္ဂစင်မြင့်ထက် ကိုယ်စားပြုခွင့်နှင့် ပတ်သက်သော အငြင်းပွားဖွယ်ရာများသည် ၁၉၄၆ ခုနှစ်တွင် စတင်ပေါ်ပေါက်ခဲ့သည်။ ဖြစ်ရပ်အများစုတွင် ကမ္ဘာ့အင်အားကြီးနိုင်ငံများ၏ စဉ်းစားချက်များနှင့် ကမ္ဘာ့နိုင်ငံရေး နောက်ခံအခြေအနေများ၏ လွှမ်းမိုးမှုက ကြီးမားစွာရှိနေသည်။ ၁၉၉၀ ပြည့်လွန်နှစ်များတွင် ကုလသမဂ္ဂအနေဖြင့် အာဏာသိမ်းခြင်းခံရသော အစိုးရများအပေါ်တွင် ပိုမို အသိအမှတ်ပြုလာသည်ဆိုသော သုံးသပ်ချက်များရှိနေသည်။ သို့သော် နယ်မြေအနည်းစုကို ထိန်းချုပ်ထားနိုင်သော အစိုးရ သို့မဟုတ် အာဏာကို မတရားနည်းဖြင့် ဆက်လက်ကိုင်စွဲထားသူများအပေါ် သက်ရောက်မှုရှိသည်ဟု ဆိုလိုခြင်းမရှိပေ။ ထို့ကြောင့် သံတမန်ခန့်အပ်လွှာ စိစစ်ရေးကော်မတီ (Credential Committee) တွင် ဗီတိုအာဏာသုံးခွင့် မရှိသော်လည်း ကမ္ဘာ့ပထဝီနိုင်ငံရေး အခြေအနေနှင့် အင်အားကြီးနိုင်ငံများ၏ စဉ်းစားချက်က အခရာကျနေဆဲဖြစ်သည်ကို တွေ့ရှိနိုင်ပါသည်။

ရည်ညွှန်း - Challenge to the United Nations Credentials of the Delegation of Nicolas Maduro to Represent The Government of Venezuela by Jared Genser

သလို အုပ်စိုးသူတွေပဲ ကုလသမဂ္ဂမှာ ကိုယ်စားပြုခွင့် ရှိနေတာပါ။ ဒီနိုင်ငံတွေရဲ့ ကိုယ်စားပြုခွင့်နဲ့ပတ်သက်ပြီး တစုံတရာ အပြောင်းအလဲ ဖြစ်လာနိုင်ခြေကလည်း မရှိသလောက်ပါပဲ။ ဒါ့အပြင် ပါလက်စတိုင်းနဲ့ ထိုင်ဝမ်နိုင်ငံတွေဆိုရင် နယ်မြေ၊ အစိုးရ၊ ပြည်သူလူထု၊ အချုပ်အခြာအာဏာပိုင်စိုးမှု ရှိနေပေမဲ့လည်း တဖက်မှာ အမေရိကန်ရဲ့မဟာမိတ် အစ္စရေး၊ ကမ္ဘာ့စီးပွားရေးအင်အားကြီး တရုတ်တို့ ဖြစ်နေတဲ့ အတွက် ကိုယ်စားပြုမှုက လိပ်ခဲတည်းလည်း ဖြစ်ခဲ့ပါတယ်။

အာဏာသိမ်းအစိုးရတွေကို အသိအမှတ်မပြုဘဲ ဖယ်ရှားခံရတဲ့ အစိုးရတွေကို အသိအမှတ်ပြုတဲ့ နမူနာ အငြင်းပွားမှု တော်တော်များများဆိုရင် (ဥပမာ- ဟွန်ဒူးရပ်) ကိုယ်စားပြုခွင့် အငြင်းပွား မှုမဖြစ်ရသေးခင်မှာဘဲ အာဏာသိမ်း အစိုးရနဲ့ အာဏာရှင်အစိုးရတွေကို အထွေထွေညီလာခံကဖြစ်ဖြစ်၊ လုံခြုံရေး ကောင်စီကဖြစ်ဖြစ် ကြိုတင်အရေးယူရှုတ်ချမှု ရှိထားတာတွေကို သတိချပ်ရမှာပါ။ မြန်မာ့အရေးနဲ့ပတ်သက်ပြီး ၂၀၂၁ ဇွန်မှာ စစ်တပ်အနေနဲ့ ၂၀၂၀ ရွေးကောက်ပွဲ ရလဒ်ကို အခြေခံတဲ့ မြန်မာပြည်သူတွေရဲ့ သဘောထားဆန္ဒနဲ့ လူ့အခွင့်အရေးကို လေးစားဖို့နဲ့ အကြမ်းဖက်နှိမ်နင်းမှုတွေအပေါ် ရှုတ်ချတဲ့အဆိုပြုချက်ကို ကုလသမဂ္ဂမှာ အတည်ပြုနိုင်ခဲ့ပါတယ်။ ဒါ့အပြင် ဥပဒေအရ စည်းနှောင်ထားတာ မဟုတ်ပေမဲ့ မြန်မာကို လက်နက်ရောင်းချမှု ရပ်တန့်ပစ်လိုက်ဖို့ အဆိုကိုလည်း အတည်ပြုခဲ့ပါတယ်။ ဒီအချက်တွေကိုကြည့်ရင် မြန်မာပြည်သူတွေ ထောက်ခံတဲ့ NUG ရဲ့အခြေအနေကို ပြန်လည် သုံးသပ်ကြည့်နိုင်ပါတယ်။

### ▪ မြန်မာအရေးဟာ ဘာကြောင့် ခက်ခဲတဲ့ဆုံးဖြတ်ချက်တခု ဖြစ်တာလဲ

တကယ်လို့ မြန်မာ့အရေးကို နိုင်ငံရေးအရ ပြေလည်အောင် မဖြေရှင်းနိုင်ခဲ့ရင် နှစ်ဖက်စလုံးမှာ သွေးထွက်သံယိုမှုများတဲ့ ပဋိပက္ခအသွင်မျိုး ပိုပြင်းထန်လာမှာ ဖြစ်ပါတယ်။ လူသားချင်းစာနာမှု အကူအညီပေးအပ်ရေးနဲ့ ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးနှံရေးအတွက်လည်း များစွာထိခိုက်မှာ ဖြစ်ပါတယ်။ ဒါ့အပြင် စစ်ဘေးရှောင်ပြည်သူတွေ၊နေရပ်စွန့်ခွာပြေးရသူတွေလည်းအမြောက်အမြားပေါ်လာနိုင်ပြီး ပြည်တွင်းမှာ မထိန်းချုပ်နိုင်တဲ့ အခြေအနေဟာ နယ်စပ်ကတဆင့် အိမ်နီးချင်းနိုင်ငံတွေဆီကိုပါ သေချာပေါက် ပျံ့နှံ့ရောက်ရှိနိုင်တာကြောင့် (Spillover effect) ခက်ခဲလှတဲ့ ဆုံးဖြတ်ချက်တခုအဖြစ် ရှိနေပါတယ်။ လက်နက်ကိုင် တော်လှန်ရေးလှုပ်ရှားမှု ပိုမိုအားကောင်းလာတာနဲ့အမျှ လက်နက်ကုန်သွယ်ရေးနဲ့ ဖြန့်ဖြူးမှုအတွက် အိမ်နီးချင်းနိုင်ငံတွေရဲ့နယ်နိမိတ်အသုံးချမှုတွေရှိလာပါမယ်။ တခါနယ်စပ်မျဉ်းတလျှောက် ဖြစ်ပွားတဲ့ တိုက်ပွဲတွေဟာ တဖက်နိုင်ငံအတွင်း ကျည်ကျရောက်မှု ဖြစ်စဉ်တွေကြောင့် လုံခြုံရေးတင်းမာမှုဖြစ်စဉ်တွေလည်း ပိုများလာနိုင်စရာရှိပါတယ်။ ဒီလို ရိုက်ခတ်မှုတွေကြောင့် မြန်မာ့အရေးအပေါ် အာဆီယံရဲ့ ကြိုးပမ်းမှုတွေဟာ ထိရောက်မှုရှိဖို့ ခက်ခဲမှာဖြစ်ပါတယ်။

ပဋိပက္ခအရှိန် အားကောင်းတဲ့ကာလမှာ နိုင်ငံအတွင်း မူးယစ်ဆေးဝါး ထုတ်လုပ်မှုဟာ ပိုမိုမြင့်တက်လာစရာလည်း ရှိပါတယ်။ အိမ်နီးချင်းနိုင်ငံတွေသာမက ကမ္ဘာတဝန်းက နိုင်ငံများအတွက် အထူးစိုးရိမ်စရာ ကိစ္စရပ်တခုပါပဲ။ မူးယစ်ဆေးဝါး ရောင်းဝယ်ရာ ဒေသတလျှောက်မှာလည်း နယ်စပ်ဖြတ်ကျော်မှုခင်းတွေဖြစ်တဲ့ လူကုန်ကူးမှု ပြဿနာ၊ သဘာဝသယံဇာတ တရားမဝင် ကုန်သွယ်ခြင်း၊ တောရိုင်းတိရစ္ဆာန်များ တရားမဝင်ဖမ်းဆီးရောင်းဝယ်ခြင်း စတဲ့ ကိစ္စရပ်တွေဟာ နိုင်ငံတကာအဖွဲ့အစည်းတွေက သတိပေးထားကြတဲ့ အရေးကြီးကိစ္စရပ်တွေ ဖြစ်ပါတယ်။

ပြည်တွင်း မငြိမ်သက်မှုကြောင့် မြန်မာပြည်မြောက်ပိုင်းမှာဖြစ်နေတဲ့ ပဋိပက္ခတွေ၊ နယ်စပ်ဖြတ်ကျော်ရာဇဝတ်မှုတွေနဲ့ ဒုက္ခသည်ဝင်ရောက်မှုတွေဟာ တရုတ်နိုင်ငံက မလိုလားတဲ့ကိစ္စတွေ ဖြစ်ပါတယ်။ ဒ့ါအပြင် ပြည်တွင်းရေး မတည်ငြိမ်မှုတွေက တရုတ်နိုင်ငံရဲ့ မဟာဗျူဟာ အကျိုးစီးပွားတွေဖြစ်တဲ့ စီမံကိန်းကြီးတွေ အကောင်အထည်ဖော်ရေးနဲ့ လက်ရှိစီမံကိန်းတွေ ဆက်လက်လည်ပတ်ရေးအတွက် အကျပ်အတည်း ဆိုက်စေပါတယ်။ ဒါကြောင့် ဒီအရေးကိစ္စကို အထူးအလေးထားပြီး လုပ်ဆောင်ဖို့ လိုအပ်တာဖြစ်သလို အကျိုးစီးပွားဦးစားပေးတွေမတူကြတဲ့ နိုင်ငံတွေအကြားမှာ ခက်ခဲတဲ့ ဆုံးဖြတ်ချက်တခု ဖြစ်နေပါတယ်။

> အာဏာသိမ်းစစ်တပ်ဟာ
> တရုတ်အပေါ်မှီခိုမှု
> မကင်းနိုင်ပေမဲ့လည်း
> ဒေသတွင်းမှာ
> ပါဝင်စွက်ဖက်မှုနည်းပြီး
> အလှမ်းဝေးတဲ့
> ရုရှားလိုနိုင်ငံနဲ့
> ပိုမိုနီးစပ်လိုဟန်
> ရှိပါတယ်။

## ■ အင်အားကြီးနိုင်ငံများနှင့် အာဆီယံ၏ အခန်းကဏ္ဍ

တရုတ်၊ အမေရိကန်၊ ဗြိတိန်နဲ့ ဥရောပသမဂ္ဂတို့ဟာ စစ်အာဏာသိမ်းပြီးနောက်ပိုင်း ဖြစ်လာတဲ့ အကျိုးဆက်တွေအတွက် စေ့စပ်ညှိနှိုင်းရေးကို အာဆီယံကတဆင့် ဆောင်ရွက်သွားဖို့ တရားဝင် အားပေးထောက်ခံထားပါတယ်။ အာဆီယံခေါင်းဆောင်များ သီးသန့်အစည်းအဝေး ပြုလုပ်ပြီး ဘုံသဘောတူညီချက် ငါးရပ် ရခဲ့ပါတယ်။ အခုအချိန်မှာ အာဆီယံအထူးကိုယ်စားလှယ် ခန့်ထားနိုင်ပေမဲ့လည်း အပြောင်းအလဲတွေ ဖြစ်ပေါ်တိုးတက်လာဖို့ စွမ်းဆောင်ရည်ပိုင်း၊ ရင်းမြစ်ပိုင်း အကန့်အသတ်များစွာ ရှိနေပါတယ်။ ဒ့ါအပြင် ကုလသမဂ္ဂ အထွေထွေညီလာခံမှာ မဲပေးတဲ့အခါမှာလည်း အာဆီယံအဖွဲ့ဝင်နိုင်ငံများဟာ တနိုင်ငံချင်းစီက ကိုယ်ပိုင်စဉ်းစားချက်များနဲ့ မဲပေးကြမှာဖြစ်ပါတယ်။ ကုလသမဂ္ဂရောက် မြန်မာ့အရေးနဲ့ ပတ်သက်တဲ့ အာဆီယံအဖွဲ့ရဲ့ ဘုံစဉ်းစားချက်မရှိတာကြောင့် နိုင်ငံတကာ ယုံကြည်မှုအပေါ် မေးခွန်းထုတ်စရာလည်း ဖြစ်ပါတယ်။

အာဆီယံနိုင်ငံတွေထဲမှာဆိုရင် မြန်မာ့စစ်အာဏာသိမ်းမှုအပေါ် သဘောထားတင်းမာပြီး ဆန့်ကျင်ကြတဲ့ မလေးရှား၊ အင်ဒိုနီးရှားနဲ့ စင်ကာပူနိုင်ငံကလွဲရင် ကျန်နိုင်ငံတွေဟာ တရုတ်နဲ့ လေသံတခုတည်းထွက်ကြမယ့် အခြေအနေဖြစ်ပါတယ်။ သံတမန်ခန့်အပ်ရေးမှာ အမြဲတမ်းကိုယ်စားလှယ်အဖြစ် ပါဝင်နေတဲ့ တရုတ်နဲ့ ရုရှားနှစ်နိုင်ငံစလုံးက ကုလသမဂ္ဂမှာ စစ်ကောင်စီကို အရေးယူမှုပြုလုပ်မယ့် အဆိုပြုချက်

တွေ၊ ပြင်းပြင်းထန်ထန် ပြစ်တင်ရှုတ်ချမယ့် စာသားတွေကို ကန့်ကွက်တာတွေ အကြိမ်ကြိမ် ပြုလုပ်ခဲ့ပါတယ်။

အာဏာမသိမ်းခင် ရက်ပိုင်းကလည်း နေပြည်တော်ကို ရုရှားကာကွယ်ရေးဝန်ကြီး လာခဲ့သလို အာဏာသိမ်းစစ်တပ်ကလည်း ရုရှားနိုင်ငံနဲ့ ထိတွေ့ဆက်ဆံမှုတွေ ပိုများလာတာရှိပါတယ်။ အာဏာသိမ်းစစ်တပ်ဟာ တရုတ်အပေါ်မှီခိုမှု မကင်းနိုင်ပေမဲ့လည်း ဒေသတွင်းမှာ ပါဝင်စွက်ဖက်မှုနည်းပြီး အလှမ်းဝေးတဲ့ ရုရှားလိုနိုင်ငံနဲ့ ပိုမိုနီးစပ်လိုဟန် ရှိပါတယ်။ အထူးသဖြင့် နိုင်ငံတကာမျက်နှာစာမှာ တရားဝင်မှုအတွက် အကူအညီဖြစ်နိုင်မဲ့ ခေါင်းဆောင်ပိုင်းခရီးစဉ်တွေကို အာဏာသိမ်းပြီးနောက်ပိုင်း အကြိမ်ကြိမ် မြင်တွေ့နေရသလို လက်နက်ဝယ်ယူမှုတွေလည်း အများအပြား ရှိခဲ့ပါတယ်။ ရုရှားကလည်း အာရှဒေသမှာ တစုံတရာ အင်အားချိန်ခွင်လျှာညှိတာကို (counterbalancing) လုပ်နိုင်ဖို့အတွက် ကုလသမဂ္ဂစင်မြင့်ထက်က မြန်မာ့အရေးမှာ စစ်ကောင်စီဘက်က ရပ်တဲ့ ဖျက်မြင်းအနေနဲ့ ပါဝင်လာနိုင်စရာ ရှိပါတယ်။

တရုတ်နိုင်ငံက မြန်မာ့အရေးဟာ ပြည်တွင်းရေးမို့ မစွက်ဖက်သင့်ဘူးလို့ ဆိုခဲ့ပေမဲ့ အာဆီယံ အထူးကိုယ်စားလှယ်နဲ့ တွေ့ဆုံခဲ့တာရှိပါတယ်။ မကြာသေးခင်ကလည်း အာရှရေးရာ အထူးကိုယ်စားလှယ် ဆွန်းကော်ရှန်ဟာ မြန်မာနိုင်ငံကို တပတ်ကြာ လာရောက်ခဲ့ပါတယ်။ တခါ တရုတ်စီမံကိန်းတွေ အများအပြား အကောင်အထည်ဖော်ဖို့ ရှိနေတာကြောင့်လည်း မြန်မာ့အရေးမှာ အားစိုက်ထုတ်မှုရှိတာကို တွေ့ရပါတယ်။ မြန်မာ့အရေးကို အဓိကအားစိုက်ရမယ့် ကိစ္စရပ်အဖြစ် အမေရိကန်ပြည်ထောင်စုကလည်း သဘောထားပုံ မရပါဘူး။ ဒါကြောင့်လည်း မြန်မာ့အရေး ကိုင်တွယ်ရာမှာ အခြေခံအားဖြင့် တရုတ်နဲ့ အမြင်သဘောထားတူညီတာကို တွေ့ရပါတယ်။ ဒါကြောင့် အဲဒီ နိုင်ငံကြီးများပါဝင်တဲ့ သံတမန်ခန့်အပ်လွှာ စိစစ်ရေးကော်မတီမှာ တရုတ်နိုင်ငံက ကြိုးပမ်းအားထုတ်တဲ့အတိုင်း ဖြစ်လာဖို့များနေပါတယ်။ နှစ်ဖက်အကြား တဖက်ဖက်ကို အလေးသာခဲ့ရင် ဖြစ်လာမယ့် အခြေအနေတွေအရ နိုင်ငံကြီးတွေနဲ့အနေနဲ့ မြန်မာနိုင်ငံအရေး ဆုံးဖြတ်တဲ့အခါ **'မြွေမသေ တုတ်မကျိုး'** လမ်းကြောင်းမျိုးနဲ့ နှစ်ဖက် လှုပ်ရှားသာတဲ့ အခြေအနေမျိုးကိုလည်း ရွေးချယ်သွားတာမျိုး လုပ်နိုင်ပါတယ်။

### ■ အပြင်းပွားမှုဖြေရှင်းခြင်း ဖြစ်တန်ခြေများ

မြန်မာ့အရေးနဲ့ ပတ်သက်လာရင် အရင်ကိစ္စရပ်တွေမှာ ဘယ်လို ဆုံးဖြတ်ချက်တွေ ချမှတ်ခဲ့သလဲ ဆိုတဲ့အပေါ် မူတည်ပြီး ဖြစ်တန်ခြေလေးရပ် ထုတ်နုတ်လို့ ရနိုင်ပါတယ်။ ဖြစ်တန်ခြေ-၁ နဲ့ ဖြစ်တန်ခြေ-၂ က ရိုးရှင်းပါတယ်။ စစ်ကောင်စီ ဒါမှမဟုတ် NUG အနေနဲ့ ကုလသမဂ္ဂမှာ ကိုယ်စားပြုခွင့်ရတာမျိုးပါ။ ကိုယ်စားပြုခွင့်ရမယ့်

ဘက်က နယူးယောက်မှာရှိတဲ့ ကုလသမဂ္ဂဆိုင်ရာ ကိစ္စရပ်တွေအပြင် ဂျီနီဗာမှာရှိတဲ့ ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီ၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၊ အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့တွေမှာပါ ကိုယ်စားပြုခွင့်ရမှာ ဖြစ်ပါတယ်။ ကိုယ်စားပြုခွင့်ရမယ့်ဘက်က မြန်မာနိုင်ငံအတွင်းမှာရှိတဲ့ ကုလသမဂ္ဂ အဖွဲ့အစည်းတွေနဲ့ မြန်မာပြည်သူလူထု အများစုအတွက် ချိတ်ဆက်လုပ်ကိုင်နိုင်စွမ်း ရှိသင့်တယ်ဆိုတဲ့ ထင်မြင်ယူဆချက်တွေလည်း ရှိနေပါတယ်။ ဒီလုပ်ငန်းတွေမှာ ကိုဗစ်-၁၉ ကပ်ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းတွေကစလို့ စားနပ်ရိက္ခာ အစရှိတဲ့ လူသားချင်းစာနာထောက်ထားမှု လုပ်ငန်းစဉ်တွေအထိ ပါဝင်ပါတယ်။

ဖြစ်တန်ခြေ-၃ နဲ့ ဖြစ်တန်ခြေ-၄ ကတော့ လက်ရှိကိုယ်စားလှယ်ကို ဆက်ပြီး ကိုယ်စားပြုခွင့်ပေးတာနဲ့ မြန်မာနိုင်ငံနဲ့ ပတ်သက်လို့ ဘယ်သူ့ကိုမှ ကိုယ်စားပြုခွင့်မပေးတော့တာ တနည်းအားဖြင့် ခုံအလွတ်ထားမယ့် ဖြစ်တန်ခြေတွေပါ။ လက်ရှိကိုယ်စားလှယ်ဟာ NLD အစိုးရက ခန့်ထားခဲ့တဲ့ ဦးကျော်မိုးထွန်းဖြစ်ပြီး လာမယ့်အထွေထွေညီလာခံမှာ သက်တမ်းကုန်ဆုံးမှာပါ။ ဒါပေမဲ့ ဖြစ်တန်ခြေ-၁ နဲ့ ဖြစ်တန်ခြေ-၂ ဖြစ်မလာနိုင်တဲ့အခါ ဦးကျော်မိုးထွန်းကိုပဲ ဆက်လက် ကိုယ်စားပြုခွင့်ပေးတယ်ဆိုတဲ့ ဖြစ်တန်ခြေ-၃ ဆုံးဖြတ်ချက် ကျလာနိုင်ပါတယ်။ သတိပြုရမှာက ဒီအချက်ဟာ စစ်ကောင်စီကို လက်သင့်မခံနိုင်လို့ ချမှတ်လိုက်တဲ့ ဆုံးဖြတ်ချက်သာဖြစ်ပြီး NUG ကို အသိအမှတ်ပြုတယ်ဆိုတဲ့ အဓိပ္ပာယ်တော့ သက်ရောက်မှာမဟုတ်ပါဘူး။ တခါ အခုလက်ရှိ မြန်မာကိုယ်စားလှယ် ဦးကျော်မိုးထွန်းကိုပဲ ဆက်ထားတဲ့ ဖြစ်တန်ခြေ ဖြစ်လာမယ်ဆိုရင်တောင် တရုတ်နိုင်ငံအနေနဲ့ NUG ကိုယ်စားလှယ်ကို လက်ခံလိုက်တယ်ဆိုတဲ့ အမြင်မျိုး မဖြစ်ရလေအောင် နည်းလမ်းမျိုးစုံနဲ့ စီမံဖွယ်ရှိပါတယ်။ ဥပမာ- ဆုံးဖြတ်ချက်ရဲ့စကားလုံးအသုံးအနှုန်း ရွေးချယ်ပုံကစလို့ လက်ရှိကိုယ်စားလှယ် ဦးကျော်မိုးထွန်းနဲ့ NUG ဘက်က နိုင်ငံရေးအရ မှီရသလို မျက်နှာပွင့်တဲ့ ‘အမြင်’မျိုး မဖြစ်ရအောင် ကြိုးစားစီမံတာမျိုးပါ။ ဒါကြောင့် အခုကျင်းပမယ့် ကုလသမဂ္ဂ အထွေထွေညီလာခံမှာ မြန်မာကိုယ်စားလှယ် ဦးကျော်မိုးထွန်းအနေနဲ့ မိန့်ခွန်းပြောခွင့်မရတာ၊ ဒီ့ထက်ဆိုးရင် ညီလာခံအတွင်း ဝင်ရောက်တက်ခွင့် မရတာမျိုးပါ ဖြစ်နိုင်ပါတယ်။ ဒါ့အပြင် သူ့ရဲ့ သက်တမ်းကိုလည်း ပုံမှန်အတိုင်း ကုန်ဆုံးမယ့် ၂၀၂၁ ခုနှစ် နှစ်ကုန်အထိပဲ ထားဖွယ်ရှိပါတယ်။ စက်တင်ဘာ ၁၄ ရက် ညပိုင်း(မြန်မာစံတော်ချိန်)မှာ စတင်ခဲ့တဲ့ ၇၅ ကြိမ်မြောက် ကုလသမဂ္ဂ အထွေထွေညီလာခံ ပိတ်ပွဲနဲ့ ၇၆ ကြိမ်မြောက် ညီလာခံဖွင့်ပွဲ အစည်းအဝေးမှာတော့ ကုလသမဂ္ဂဆိုင်ရာ မြန်မာ အမြဲတမ်းကိုယ်စားလှယ် သံအမတ်ကြီး ဦးကျော်မိုးထွန်း တက်ရောက်ခဲ့တာကို တွေ့ရပါတယ်။[၃]

ဦးကျော်မိုးထွန်းကိုပဲ ဆက်ထားတဲ့ဖြစ်တန်ခြေ ဖြစ်လာမယ်ဆိုရင်တောင် တရုတ်နိုင်ငံအနေနဲ့ NUG ကိုယ်စားလှယ်ကို လက်ခံလိုက်တယ်ဆိုတဲ့ အမြင်မျိုး မဖြစ်ရလေအောင် နည်းလမ်းမျိုးစုံနဲ့ စီမံဖွယ်ရှိပါတယ်။

ဖြစ်တန်ခြေ-၄ ကတော့ မြန်မာ့အရေးဟာ လက်ငင်း ဖြေရှင်းလို့ မရနိုင်သေးဘူး၊

၃ ထိုအချက်အလက်ကို စက်တင်ဘာ ၁၅ ရက် နံနက် ၁၀ နာရီ (မြန်မာစံတော်ချိန်) တွင် ဖြည့်စွက်ခဲ့ခြင်း ဖြစ်သည်။

ရှုပ်ထွေးတဲ့အတွက်ကြောင့် ဆုံးဖြတ်ချက်ချမှတ်ဖို့ ရွှေ့ဆိုင်းလိုက်တာမျိုးပါ။ ဒီအခါမျိုးမှာ မြန်မာနိုင်ငံအတွက် ဘယ်သူမှ ကိုယ်စားပြုခွင့်မရတော့ဘဲ ကုလသမဂ္ဂစင်မြင့်မှာ ပြောရေးဆိုခွင့်မရှိတော့ဘူးလို့ ပြောနိုင်ပါတယ်။ ဒီလို ခံ့အလွတ်ထားမယ့် ဖြစ်တန်ခြေ-၄ သာ ဖြစ်လာမယ်ဆိုရင် မြန်မာနိုင်ငံနဲ့ မြန်မာပြည်သူလူထုအတွက် အလွန်နစ်နာမှာ ဖြစ်ပါတယ်။

## ■ သတိပြုစရာ ရိုက်ခတ်မှုများနှင့် စဉ်းစားစရာအကျိုးဆက်များ

ကုလသမဂ္ဂအနေနဲ့ NUGကို အသိအမှတ်ပြုမယ်ဆိုရင် ကုလသမဂ္ဂနဲ့ ပတ်သက်တဲ့ မြန်မာနိုင်ငံရဲ့ လုပ်ငန်းစဉ်တွေမှာ NUG က တစိတ်တပိုင်း ပါဝင်ခွင့်ရလာမှာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံကို ကုလသမဂ္ဂအနေနဲ့ပေးမယ့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီကိစ္စတွေမှာ NUG နဲ့ ကုလအဖွဲ့အစည်းတွေအကြား ညှိနှိုင်းပြီး လုပ်နိုင်ရင် နယ်စပ်ဒေသမှာရှိနေတဲ့ ရွှေ့ပြောင်းသူများကူညီရေး၊ စစ်ပြေးဒုက္ခသည်များအတွက် ကူညီထောက်ပံ့ရေး၊ ကိုဗစ်-၁၉ကပ်ရောဂါနဲ့ ဆက်စပ်ပြီး ကူညီရေးစတဲ့ကိစ္စတွေမှာ တစုံတရာ အကျိုးသက်ရောက်မှု ရှိနိုင်ပါတယ်။

ဒါပေမဲ့လည်း တဖက်မှာ NUG ဘက်က ကိုယ်စားလှယ်ကို လုံးလုံးလျားလျားရွေးချယ်ခဲ့ရင် ပြည်တွင်းမှာ လက်နက်ကိုင်အုပ်ချုပ်နေတဲ့ စစ်ကောင်စီနဲ့ လက်ရှိနိုင်ငံရေးအကျပ်အတည်းကို ဖြေရှင်းရေး ညှိနှိုင်းမယ့်နေရာမှာ အကျပ်အတည်း ပိုမိုဆိုက်နိုင်တာကို ထည့်သွင်းတွက်ချက်ဖို့ လိုအပ်ပါမယ်။ စစ်ကောင်စီဟာ NUG ကို အကြမ်းဖက် အဖွဲ့အစည်းအဖြစ် ကြေညာထားသလို သူတို့ရဲ့ရပ်တည်ချက်ကို အသိအမှတ်ပြုဖို့နဲ့ နိုင်ငံရေးအရ ဆွေးနွေးမှုတွေလုပ်ဖို့လည်း ငြင်းဆန်ထားတာကြောင့် ဖြစ်ပါတယ်။ စစ်ကောင်စီအနေနဲ့ ပြည်တွင်းက ကုလသမဂ္ဂအဖွဲ့အစည်းတွေကို တိုင်းပြည်အတွင်းကနေ မောင်းထုတ်တာမျိုး၊ ပိုမိုတင်းကျပ်တာမျိုးနဲ့ အဖွဲ့အစည်းတွေရဲ့လုပ်ငန်းတွေ ဆက်လုပ်လို့မရအောင် ချုပ်ကိုင်တာမျိုးတွေ လုပ်လာနိုင်ပါတယ်။ စစ်ကောင်စီရဲ့ ရပ်တည်ချက်ကို ကုလသမဂ္ဂမှာ တရားဝင် အသိအမှတ်ပြုနိုင်ခြေနည်းပေမဲ့ အသိအမှတ်ပြုခဲ့ရင် မြန်မာပြည်သူလူထုရဲ့ ပြင်းထန်အားကောင်းလှတဲ့ သဘောထားကို မျက်ကွယ်ပြုရာရောက်တဲ့အတွက် ကုလသမဂ္ဂအပေါ် အပြင်းအထန် ဆန့်ကျင်ကန့်ကွက်တဲ့ အခြေအနေတွေ ပေါ်လာနိုင်ပါတယ်။

ဒ့ါအပြင် စစ်ကောင်စီကို အသိအမှတ်ပြုပေးလိုက်ရင် ဒီမိုကရေစီလိုလားတဲ့ ပြည်သူတွေအပေါ် အကြမ်းဖက်မှုတွေ ပိုပြီး ကျူးလွန်စေဖို့၊ အထူးသဖြင့် နိုင်ငံတကာဥပဒေတွေ ချိုးဖောက်တာတွေအပြင် အာဆီယံအပါအဝင် ဒေသတွင်းက နိုင်ငံရေးညှိနှိုင်းမှုတွေလုပ်ဖို့ ကြားဝင်စေ့စပ်မှု ကြိုးပမ်းချက်တွေမှာပါ အားလျော့သွားစေလိမ့်မယ်လို့ ဥပဒေရေးရာ ကျွမ်းကျင်သူတွေက သုံးသပ်ကြပါတယ်။

လာမယ့် ကုလသမဂ္ဂဆုံးဖြတ်ချက်ဟာ မြန်မာ့ဒီမိုကရေစီရေး လှုပ်ရှားမှုအတွက် ဂိမ်းအပြောင်းအလဲ ဖြစ်စေနိုင်လောက်တဲ့ အဆုံးသတ်အောင်ပွဲ ဖြစ်နိုင်သလားလို့ ဆိုခြင်းကလည်း ထည့်သွင်းစဉ်းစားရမယ့်အချက် ဖြစ်ပါတယ်။ အင်အားကြီးနိုင်ငံများနဲ့ ဒေသတွင်းနိုင်ငံတွေရဲ့ အမြင်မှာတော့ ကုလသမဂ္ဂစင်မြင့်ကတဆင့် မြန်မာ့အရေးဟာ အသံကျယ်ကျယ် ထွက်လာတာဟာ အသိအမှတ်ပြုခံရရေး ဂုဏ်သိက္ခာ တိုက်ပွဲလား၊ အပြောင်းအလဲကို ယူဆောင်ပေးနိုင်တဲ့ ရလဒ်ထွက်ရေးလားဆိုတဲ့ အပေါ် ချိန်ဆစရာ မေးခွန်းဖြစ်နေဆဲပါပဲ။

ကုလသမဂ္ဂ
ဆုံးဖြတ်ချက်ဟာ
မြန်မာ့ဒီမိုကရေစီရေး
လှုပ်ရှားမှုအတွက်
ဂိမ်းအပြောင်းအလဲ
ဖြစ်စေနိုင်လောက်တဲ့
အဆုံးသတ်အောင်ပွဲ
ဖြစ်နိုင်သလားလို့
ဆိုခြင်းကလည်း
ထည့်သွင်းစဉ်းစားရမယ့်
အချက်ဖြစ်ပါတယ်။

တဖက်မှာလည်း ဒီမိုကရေစီအရေး လှုပ်ရှားသူတွေအနေနဲ့ ကုလသမဂ္ဂမှာ အသိအမှတ်ပြုခံရရေး တိုက်ပွဲဟာ ဒီမိုကရေစီပြန်လည်ရယူရေးအတွက် အမှန်တကယ်ပဲ အထောက်အပံ့ပေးနိုင်မယ်ယူဆလို့ ကုလသမဂ္ဂစစ်မြေပြင်က ဒီဒေး၊ နိုင်ငံတကာ မျက်နှာစာအတွက် ဒီဒေး စသဖြင့် တက်ထောင်မောင်းနှင်း ညာသံပေးခဲ့မိသလား။ ဒါမှမဟုတ် ကုလသမဂ္ဂမှာ ဂုဏ်သိက္ခာပိုင်း ပြိုင်ဆိုင်မှုအဖြစ်သာ အားထည့်ခဲ့တာလား ပြန်လှန်သုံးသပ်သင့်ပါတယ်။ တကယ်လို့ ကုလသမဂ္ဂကိုယ်စားပြုခွင့်တိုက်ပွဲနဲ့ ရလဒ်ဟာ မီးထက် မီးခိုးအူထွက်တာ ပိုများနေတဲ့ ကိစ္စမျိုး ဖြစ်နေတယ်ဆိုရင် ဒါကို နည်းနာအဖြစ်သာအားပြုပြီး နောင်မှာ မလိုအပ်ဘဲ မျှော်လင့်ချက်အမှားတွေမပေးမိဖို့ သတင်းစကားပါးပုံကို ပိုအာရုံစိုက်ဆင်ခြင်စရာ ဖြစ်ကောင်းပါတယ်။ နည်းနာနဲ့ မဟာဗျူဟာ ခွဲစဉ်းစားတာ၊ ဆက်စပ်စဉ်းစားတာတွေ လုပ်နိုင်မယ်ရင် ကုလသမဂ္ဂမှာ ကိုယ်စားပြုခွင့်အရေး ရလဒ်ကနေ ဘယ်လို မဟာဗျူဟာမြောက်ကိစ္စမျိုးကို အားပိုထည့် ဆောင်ရွက်မယ်ဆိုတာ ပြန်လည်သုံးသပ်ခွင့် ရနိုင်ခြေရှိပါတယ်။

ဥပမာအနေနဲ့ အမေရိကန်နဲ့ တရုတ်နိုင်ငံတို့ဟာ ဒီ ကုလကိုယ်စားပြုခွင့် မြန်မာ့အကျပ်အတည်းဖြေရှင်းရေးမှာ ဘုံသဘောတူညီမှုရှိနေတယ်ဆိုရင် ဒီသဘောတူချက်ကို ပိုအားကောင်းအောင်ဆောင်ရွက်ပြီး သံတမန်တွန်းအားအဖြစ် အသုံးချဖို့ ချဉ်းကပ်တောင်းဆိုတာ၊ လက်တွေ့ရလဒ်ထွက်မယ့် သံတမန်ရေး လှုပ်ရှားမှုမျိုးစုံနဲ့ ပူးပေါင်းဆောင်ရွက်မှုတွေကို အားထည့်တာက မဟာဗျူဟာဖြစ်နိုင်သလား ဆိုတာဟာလည်း ကုလရောက် မြန်မာ့အရေးကနေတဆင့် ထပ်ဆင့်စဉ်းစား ဆင်ခြင်နိုင်စရာတခုပဲ ဖြစ်ပါတယ်။ ■

## ရည်ညွှန်းကိုးကား

Currie, K. (2021, May 27). Beyond the Coup: Can the United Nations Escape Its History in Myanmar? *Just Security.* https://www.justsecurity.org/76641/beyond-the-coup-can-the-united-nations-escape-its-history-in-myanmar/

Fawthrop, T. (2021, September 3). Who Will Win the Battle for Myanmar's UN Seat? *The Diplomat*. https://thediplomat.com/2021/09/who-will-win-the-battle-for-myanmars-un-seat/

Genser, J. (2019, February 1). *In Re: United Nations Credentials Committee - Challenge to the United Nations Credentials of the Delegation of Nicolás Maduro to Represent The Government of Venezuela.* Perseus Strategies. https://www.perseus-strategies.com/wp-content/uploads/2019/01/Legal-Opinion-UN-Credentials-Challenge-on-Venezuela-2.1.19-FINAL.pdf?mod=article_inline

Magnusson, A., & Pedersen, M. B. (2012). *A Good Office?* International Peace Institute. https://reliefweb.int/sites/reliefweb.int/files/resources/ipi_ebook_good_offices.pdf

Ratliff, S. (1999). UN Representation Disputes: A Case Study of Cambodia and a New Accreditation Proposal for the Twenty-First Century. *California Law Review.* 87, 1207-1264. https://lawcat.berkeley.edu/record/1116794?ln=en

Renshaw, C. (2021, October 10). The battle for Myanmar's seat in the UN General Assembly. *The Interpreter.* https://www.lowyinstitute.org/the-interpreter/battle-myanmar-s-seat-un-general-assembly

Special Advisory Council for Myanmar. (2021, August). *Briefing Paper: Myanmar's representation in the United Nations.* https://specialadvisorycouncil.org/wp-content/uploads/2021/08/SAC-M-Briefing-Paper-Myanmars-Representation-in-the-UN-ENGLISH.pdf

United Nations General Assembly. (2021, June 18). *Adopting Resolution Condemning Lethal Violence by Myanmar's Armed Forces.* United Nations. https://www.un.org/press/en/2021/ga12339.doc.htm

## အခြေပြုရှင်းလင်းချက်များကဏ္ဍ မိတ်ဆက်
## Explainers

ISP-Myanmar ရဲ့ အခြေပြုရှင်းလင်းချက်များကဏ္ဍဟာ ခိုင်မာတဲ့ အချက်အလက်နောက်ခံကား၊ ဖတ်ရမှတ်ရလွယ်တဲ့ တင်ဆက်ပုံ၊ ထူးခြားရင်ထူးခြားသလို ပုံမှန်ဖြည့်စွက်နေမယ့် ရှင်းလင်းချက်ဆောင်းပါးတွေကို ဖော်ပြပေးဖို့ ရည်ရွယ်တဲ့ကဏ္ဍဖြစ်ပါတယ်။ဒီဆောင်းပါးတွေကိုတူရာစုခေါင်းစဥ်ငါးမျိုးနဲ့အကျုံးဝင်တဲ့အကြောင်းအရာများဖြစ်တဲ့

(၁) အန်တုတိုက်ပွဲဝင်တဲ့ နိုင်ငံရေး (contentious politics)၊
(၂) ပထဝီနိုင်ငံရေးနဲ့ နိုင်ငံတကာအခင်းအကျင်း၊
(၃) လုံခြုံရေးနဲ့ ငြိမ်းချမ်းရေး၊
(၄) နိုင်ငံရေး ဘောဂဗေဒ၊
(၅) အာဏာသိမ်း စစ်ကောင်စီရဲ့ပြုမူဆောင်ရွက်ပုံ

စတာတွေကို ခြေခြေမြစ်မြစ် ခြုံငုံနားလည်စေနိုင်ဖို့ အခြေပြုဖတ်စာအဖြစ် တင်ဆက်သွားပါမယ်။ လိုအပ်တဲ့ အထောက်အထား ဒေတာသရုပ်ဖော်တင်ပြမှုများ(Info-guides)နဲ့ အချိန်ဖြစ်စဉ်ပြဇယားများ (timelines) ကိုလည်း တွဲဖက်ဖော်ပြမှာ ဖြစ်ပါတယ်။